# မာတိကာ


နိဒါန်း ၇
၁။ ကြောက်အား မပိုသင့် ၉
၂။ စိန့်ဂျွန်းဆေးရုံ တစ္ဆေ ၁၅
၃။ ဖုတ်ကောင်ဝင်ခြင်း ၂၀
၄။ အပင်းသွင်းခံရခြင်း ၂၇
၅။ ကွမ်းဖဲရွာနတ်ထူး ၃၃
၆။ ထုံအိုး ၃၉
၇။ ဆေးရုံသရဲ ၄၅
၈။ ပြုစားခံရခြင်း (၁) ၅၀
၉။ ပြုစားခံရခြင်း (၂) ၅၅
၁၀။ ပြုစားခံရခြင်း (၃) ၅၇
၁၁။ ပြီးဆေး ၆၀
၁၂။ တောင်ပိုင်းတောင်ညိုနတ် ၆၃
၁၃။ ရန်ကုန်ဆေးရုံကြီးတွင် သရဲခြောက်စဉ်က ၆၉
၁၄။ တိုနာ ၇၅
၁၅။ စုန်းပြုစားခံရခြင်း ၈၀
၁၆။ တိုက်ခြေ ၈၇





၁၇။ ဂေါင်းခွပင်သရဲ ၉၀
၁၈။ နဂါးငွေသင့်ခြင်း ၉၇
၁၉။ ကိုတင်ဖေ သရဲစီးခံရစဉ်က ၁၀၃
၂၀။ အရက်အကြောင်း သိကောင်းစရာ ၁၀၉
၂၁။ ပျောက်စေ ဆရာလေး ၁၁၁
၂၂။ ဆရာမှတ်ကြီးနှင့် တစ္ဆေ ၁၁၅
၂၃။ တစ်ခေတ်က အယူသီးသူများ ၁၁၉
၂၄။ သံချောင်း၊ သံမဲများကို စားသူ ၁၂၇
၂၅။ ဘိန်းနှင့်ဆေးခြောက် ၁၃၀
၂၆။ မိဘဆိုးများ ၁၃၅
၂၇။ မသေသေးခင် ရှိမ်းပြီးကိုယ်ခံဆေး ၁၄၃
၂၈။ လေထဲမှ တစ္ဆေ ၁၅၃




# နိဒါန်း

သရဲပူးခြင်း၊ စုန်းပညာဖြင့် ပြုစားခံရခြင်း၊ အပင်းသွင်းခံရခြင်း၊ ဖုတ်ကောင်ဝင်ခြင်း စသည့် အယူအဆတို့မှာ အချို့သောသူများအမြင်ဖြင့် "ဒါတွေဟာ တကယ်ရှိတာပေါ့။ မယုံမရှိကြနဲ့။ ဘယ်သူကြည့်ပါလား။ ဆေးရုံကတောင် အသားတုံးကြီး ခွဲထုတ်ပေးလိုက်ရသေး" ဟု ဆိုတတ်ကြသကဲ့သို့ အချို့က "ဒီအယူအဆတွေက ရှေးပဝေသဏီ နှစ်ပေါင်းနှစ်ရာကျော်သုံးရာက လက်ခံခဲ့တဲ့ အယူအဆဟောင်း လက်ကျန်တွေပါ" ဟု ဆိုတတ်ကြပါသည်။

ကျွန်တော့်အနေနှင့် မည်သည့်အယူအဆမှန်သည်ဟူ၍ တစ်ဖက်သတ် တင်ပြလိုခြင်း မဟုတ်ပါ။

ကျွန်တော်၏ဆေးဆရာဝန်ဘဝမှရခဲ့သော စုန်းတစ္ဆေ အတွေ့အကြုံများနှင့်အတူ ပိုမိုပြည့်စုံစေရန်၊ လွန်ခဲ့သော တစ်ခေတ်က ကျော်ကြားခဲ့သည့် နိုင်ငံခြားသားသနာပြု ပုဂ္ဂိုလ်ကြီးများဖြစ်သော ဘုရင်ဂျီ ဘုန်းကြီးမန်ရစ်၊ ရေစ်ယာန်ဘုန်းကြီး ဒေါက်တာ မတ် (ဆရာမှတ်ကြီး) တို့၏ အရှေ့တိုင်းရင်းသားများ၏ အယူအဆအပေါ်တွင် သူတို့၏အမြင်များကိုလည်း စာအုပ်များမှ ထုတ်နုတ်ဖော်ပြထားပါသည်။

ထို့ပြင် ယခုခေတ် အနောက်နိုင်ငံအချို့၌ ခြောက်လှန့်လျက်ရှိသော တစ္ဆေတစ်မျိုးအကြောင်းကိုလည်း ၁၉၆၆ ခုနှစ်၊ အတွင်းထုတ်၊ အနောက်နိုင်ငံ မဂ္ဂဇင်းတစ်စုမှ ဘာသာပြန် တင်ပြထားပါသည်။

ကျွန်တော့်အနေနှင့် ရောဂါတစ်ခုဖြစ်က စုန်းပြုစားထားသလိုလို၊ အပင်းသွင်းခံထားရသလိုလို အရင်စွပ်စွဲနေပြီး ဟိုနည်းသည်နည်းဖြင့် ဖြစ်သလို အချိန်များစွာ အကုန်ခံကုသကြတာ နောက်ဆုံး ရောဂါကျွမ်းလောက်တော့မှ ဆေးရုံသို့ လာရောက်တတ်သူများကို အစဉ်တွေ့ရတတ်ပါသည်။ ထိုသူတို့၏ အယူအဆကိုသာ ပြုပြင်စေလိုပါသည်။



အထူးသဖြင့် ယနေ့အထိ ရပ်ရွာထဲတွင် ပြောဆိုနေတတ်ကြသော ပြုစားခံရသော ရောဂါ၊ အပင်းသွင်းခံရသော ရောဂါစသည့် ရောဂါမျိုးတို့ကို မြန်မာပြည်တစ်ခွင်လုံးမှ ဆေးရုံ မှတ်တမ်းများတွင် မရှိသေးကြောင်း တင်ပြအပ်ပါသည်။

ဆရာဝန်တင်ရွှေ

